
တထ်ဝဝတ်

mgyoe.com

# ရွှေဥဒေါင်း

## ဝတ္ထု



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



SOD0048

700.00 KS

mgyoe.com

ထုတ်ဝေသူ-ဦးကျော်ကျော်ဝေ၊ ရွက်စိမ်းစာပေ၊ (၀၀၀၄၇)
လမ်းမတော်၊ရန်ကုန်။
ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ (၀၀၄၁၃)
အမှတ်-၁၁၇၉၊မစိုးရိမ်လမ်း၊ကံဘဲ့၊ရန်ကင်း။
၂၀၁၅၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ် ၅၀၀၊
ပုဂံစာအုပ်တိုက်၏ပထမအကြိမ်မူ၊

တန်ဖိုး- ၇၀၀ ကျပ်

mgyoe.com


mgyoe.com

# ဝင်္ကန္တ

ရွှေဒေါင်း

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## နိဒါန်း

တစ်ခုသော ဝါတွင်းအခါ၌ ကျွန်တော်သည် အချို့သော သူတို့၏ ရံဖန်ရံခါ ဖြစ်ပေါ်မြဲ ဓမ္မတာရှိသည်အတိုင်း တစ်စုံတစ်ခုသော အကြောင်းကြောင့် သတိ သံဝေဂကြီးစွာ ရရှိသည်နှင့် အလုပ်မှ အားလပ်ခွင့် သုံးလ ခံယူ၍ ဝါတွင်းသုံးလပတ်လုံး စစ်ကိုင်းတောင်ရိုးရှိ ကဿပ ချောင်တွင် ဥပုသ်ရက်ရှည် ဆောက်တည်လျက် ရှိစဉ်တွင် ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယ သံဝရသီလအစရှိသော သီလလေးပါးတို့နှင့် အလွန်တရာ ပြည့်စုံသဖြင့် သီလဝိသုဒ္ဓိ ဖြစ်လုပေသော ဘုန်းတော်ကြီး တစ်ပါးသည် ကျောင်းငယ်တစ်ခုတွင် တစ်ပါးတည်း သီတင်းသုံးနေ ထိုင်လျက် ကမ္မဋ္ဌာန်းရှုတင် အစရှိသည်တို့ကို ကျင့်သုံးဆောက်တည် လျက်ရှိသည်ကို တွေ့မြင်ရသည်ဖြစ်၍ ယခုခေတ်ကာလတွင် ဤသို့ သော ရဟန်းကောင်း ရဟန်းမြတ်တို့သည် ရှားပါးလှပေစွတကားဟု အောက်မေ့၍ ထိုရဟန်းတော်အား အထူးသဖြင့် ကြည်ညိုလေးမြတ် ခြင်း ရှိခဲ့လေ၏။

၄င်းရဟန်းတော်မှာ ဦးခေါင်းဆံပင် တစ်ပင်မျှ မရှိသဖြင့် 'ခေါင်း ပြောင်ကိုယ်တော်' ဟု အချို့သော နှုတ်ပေါ့သူတို့က အချင်းချင်း ပြော

mgyoe.com

mgyoe.com



ဆိုလေ့ရှိကြသည်ဖြစ်ရာ ၄င်း ကိုယ်တော်အရှင်မြတ်၌ ထူးခြားသော အခြင်းအရာတစ်ခုမှာ မည်သည့်အချိန်ကာလ၌ဖြစ်စေ မာတုကာမဟူ၍ ကျောင်းပေါ်သို့လည်း တက်ခွင့်မရှိ၊ ကျောင်းဝင်းအတွင်းကိုမျှ ဝင်ခွင့် မပြုသည့်အပြင် သီလကိုမျှ မာတုကာမဆိုလျှင် ကိုယ်တိုင်တော် ပေး လေ့မရှိဘဲ အထူးသဖြင့် ကြပ်တည်းစွာ နေထိုင်တော်မူလေ့ရှိ၏။

ယင်းကဲ့သို့ မြတ်စွာဘုရား၏ သိက္ခာပုဒ်တော်ကို ပိုမိုကြပ်တည်း စွာ ကျင့်သုံးဆောက်တည်လျက်ရှိနေသည်ကို တွေ့မြင်ရလေလျှင် ကျွန် တော်မှာ '၄င်းရဟန်းတော် အရှင်သူမြတ်သည်ကား အမှန်မုချ အကြောင်း ထူး တစ်စုံတစ်ရာ ရှိချေမည်' ဟု ဆင်ခြင် တွေးတောမိသည်ဖြစ်၍ တစ်လကျော်ခန့်မျှ လက်ပွန်းတတီး ဆည်းကပ်၍ ရတနာသုံးပါးနှင့် စပ်လျဉ်းသော စကားတို့ကို ကြားနာနှီးနှောပြီးလျှင် အကျွမ်းတဝင်ရှိ ကြသည့်အခါတွင်မှ ၄င်းအကြောင်းနှင့် စပ်လျဉ်း၍ အမြွက်မျှလောက် လျှောက်ထားမိလေလျှင် အရှင်သူမြတ်က–

''မှန်ပါတယ် ဒကာကြီး၊ မြတ်စွာဘုရားကတော့ မိမိစိတ်သာ လျှင် ပဓာနအကြောင်းရင်းဖြစ်ကြောင်းကို ဟောတော်မူပါတယ်။ သို့ သော် ဘုန်းကြီးမှာတော့ မာတုကာမဆိုလျှင် အထူးပဲ စိတ်နာ စက်ဆုပ် လောက်အောင် မယုံကြည်နိုင်သောအကြောင်းများ ကိုယ်တိုင်ဒိဋ္ဌ တွေ့ ကြုံခဲ့ရလေတော့ ဝေးဝေးကြီးက ရှောင်ရှားမယ်လို့ နဂိုသန္နိဋ္ဌာန် ချခဲ့ တဲ့အတိုင်း မိမိသန္နိဋ္ဌာန်မြောက်အောင်သာ ဝေးဝေးက ရှောင်ရှားရခြင်း ဖြစ်ပါတယ် ဒကာကြီး''

ဟုမိန့်တော်မူလေလျှင် ကျွန်တော်မှာ ကိုယ်တော်မြတ်၏ အကြောင်း ခြင်းရာကို သိလိုလှသည်ဖြစ်၍ ရင်းနှီးသော ဒကာတစ်ယောက်ဖြစ်နေ သည့်အတိုင်း ထို့ထက် အနည်းငယ်ဖွင့်ဟ၍ မိန့်တော်မူရန် လျှောက်ထား

mgyoe.com

mgyoe.com



တောင်းပန်တော်မူလေရာ ဘုန်းတော်ကြီးလည်း အတန်ငယ် ဦးခေါင်းကို ပွတ်သပ်ကာ စဉ်းစားဆင်ခြင်ပြီးနောက်-

"ဘယ်သူ့ကိုမှ မပြောလည်း မပြောဖူးပါဘူး။ ပြောလို့လည်း ကျေးဇူးရှိမယ် မဟုတ်ပါဘူး။ သို့သော် စကားစပ်မိလို့ရှိမှ ဒကာကြီး သိလိုတဲ့ ဆန္ဒအတိုင်း ပြောပြရဦးမှာပေါ့ ဒကာကြီး" ဟု မိန့်တော်မူ၍ မိမိ၏ အတ္ထုပ္ပတ္တိအခြင်းအရာတို့ကို ပြန်ပြောင်း ပြောဆိုတော်မူရာ ကျွန်တော်က အရှင်သူမြတ်၏ စကားအတိုင်းမဟုတ်ဘဲ မိမိ၏စကားဖြင့် ဝတ္ထုသွားအတိုင်း အောက်၌ ရေးသားဖော်ပြရပေသတည်း။

* * *

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

မန္တလေးမြို့၊ အနောက်ပြင်၊ ရတနာဘုမ္မိခေါ် ရပ်ကွက်၌ ဆန်စက်ပိုင် ဦးဘိုးမင်းနှင့် စက်ပိုင်ကတော် ဒေါ်နှင်းအုံဟူ၍ ရှိခဲ့ဖူးသည်ဖြစ်ရာ ၄င်းတို့၌ သားသမီးငါးယောက်မျှ ဖွားမြင်ခဲ့သော်လည်း အခြားသော သားသမီးတို့သည် ငယ်ရွယ်စဉ်အခါကပင် သေဆုံးကြ၍ နောက်ဆုံးမွေး ဖြစ်သော မောင်သက်နှံအမည်ရှိ သားယောကျ်ားကလေးတစ်ယောက် သာလျှင် အဖတ်တင်ခဲ့သည် ဖြစ်လေရကား အမိအဖတို့သည် ငါးဦး သော သားသမီးတို့အပေါ်၌ ချစ်ခင်ရမည့် မေတ္တာတို့ကို တစ်ဦးတည်း သော သား၌သာလျှင် စုပုံချစ်ခင်ရသကဲ့သို့ မိဘနှစ်ဦးလုံးတို့က အသက် မျှမက ချစ်ခင်ကြင်နာခြင်း ရှိခဲ့ကြလေ၏။

မောင်သက်နှံသည် အရွယ်သို့ရောက်လျှင် အင်္ဂလိပ်ကျောင်းကြီး များ၌ ၁၀ တန်းမျှ အောင်မြင်သည့်တိုင်အောင် သင်ကြားပြီးနောက် ရန်ကုန်မြို့၌ အိုင်အေ အတန်း၌ ဆက်လက်သင်ကြား၍ ဂျူနီယာအိုင်အေ အတန်းကို အောင်မြင်ပြီးသဖြင့် စီနီယာအတန်းကို တက်ခါစအခါတွင် မန္တလေးမြို့မှ မိဘနှစ်ပါးစလုံး အသည်းအသန် ဖြစ်နေကြောင်းနှင့် ကြေးနန်းစာရရှိသဖြင့် အဆောတလျင် ပြန်လာရသည်ဖြစ်ရာ မိမိဆိုက်

mgyoe.com

ရောက်သည့်နေ့ဒွပင်လျှင် မိဘနှစ်ပါးစလုံးသည် သင်္ခါရ သဘောတရားကို လွန်ဆန်ခြင်းငှာ မတတ်နိုင်ဘဲ သေရွာသို့ လိုက်ပါသွားကြရရှာလေ၏။

မောင်သက်နှံသည် မိဘနှစ်ပါးတို့၏ ဈာပနကိစ္စကို တင့်တယ်စွာ ဆောင်ရွက်ပြီးနောက် မိမိ၏ရည်ရွယ်ချက်အတိုင်း အင်္ဂလိပ်ပညာကို ဘီအေ အတန်း အောင်မြင်သည့်တိုင်အောင် ဆက်လက်သင်ကြားခြင်း မပြုနိုင်ဘဲ ကောလိပ်ကျောင်းမှ နုတ်ထွက်၍ မိဋတ်မိရင်းဖြစ်သော စပါးပွဲစားအလုပ်နှင့် ဆန်စက်လုပ်ငန်းတို့ကို ဆက်လက်ရွက်ဆောင်လုပ်ကိုင်လျက် ရှိခဲ့လေ၏။

ယင်းကဲ့သို့ လုပ်ကိုင်လျက်ရှိသဖြင့် တစ်နှစ်ကျော်ခန့်မျှရှိခဲ့လျှင် မောင်သက်နှံသည် အသက် ၂၀ ကျော် အရွယ်ခန့်တိုင်ရောက်၍ မိမိ၏ ဆွေမျိုးဉာတိများကလည်း အခြေတကျ ရှိစေခြင်းငှာ တင့်တယ်လျောက်ပတ်သော သူငယ်မတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားရန် အချိန်တော်သင့်ပြီဟု တိုက်တွန်းကြသည်ဖြစ်ရာ ၎င်း ဆွေမျိုးဉာတိတို့က လောကဓမ္မတာအတိုင်း ကြေးငွေရှိသောသူတို့မှာ ကြေးငွေရှိသောသူတို့၏ သားသမီးတို့နှင့်သာလျှင် ထိမ်းမြားရန် အကြံပေးကြသော်လည်း မောင်သက်နှံသည် လင်မယားဆိုသည်မှာ မိမိနှစ်သက်စုံမက်သည်ကိုသာလျှင် ပဓာန အကြောင်းရင်းပြု၍ ထိမ်းမြားထိုက်သည်ဟု အယူရှိသည့်အတိုင်း တစ်နေ့သ၌ ပွဲစား ဦးချမ်းသာဆိုသူ၏ တူမတစ်ယောက်နှင့် ထိမ်းမြားမင်္ဂလာ ဆောင်နှင်းကြလေ၏။

စပါးပွဲစားကြီး ဦးချမ်းသာ၏တူမ ခင်မြကြီးဆိုသူမှာ ပွဲစားကြီး၏ညီတစ်ယောက်မှ ပေါက်ဖွားခဲ့သော သမီးတစ်ယောက်ဖြစ်လေရာ ခင်မြကြီး၏ဖခင်သည် ငယ်ရွယ်စဉ်အခါကပင် တေလေလုပ်၍နေပြီးနောက် ဇာတ်မင်းသမီးတစ်ယောက်နှင့် နောက်ဆုံးအကြောင်း ဆုံစည်း

mgyoe.com

mgyoe.com

မိကြ၍ ခင်မြကြီး ငယ်စဉ်ကပင် မိဘနှစ်ဦးလုံး သေဆုံးလေရကား ခင်မြကြီးမှာ ခိုကိုးရာမဲ့ဖြစ်ပြီးလျှင် မိမိ၏ဘကြီး ပွဲစားကြီးကိုသာလျှင် အဘကဲ့သို့ အောက်မေ့၍ ၎င်းနှင့်အတူတကွ နေထိုင်ခဲ့ရရှာလေ၏။

ယင်းကဲ့သို့ ဘကြီးဖြစ်သူ ပွဲစားကြီးနှင့် အတူတကွ နေထိုင်စဉ်တွင် ပွဲကတော်ကြီးသည် မိမိ၏သမီးအရင်းများထက် အဆတစ်ရာမျှမက လှပတင့်တယ်ခြင်းရှိသော ခင်မြကြီးအပေါ်၌ မနာလို ဝန်တိုသော သဘောရှိသည်ဖြစ်၍ အလုပ်ကြမ်းအမျိုးမျိုးတို့၌ လည်းကောင်း၊ အပျိုမ ကလေးအရွယ်နှင့် မသင့်မလျော်သော အလုပ်များကိုသာ လည်းကောင်း တူမဖြစ်သူ ခင်မြကြီးအား လုပ်စေလျက် အစေခံအရာ၌ ခိုင်းစေခဲ့သည် ဖြစ်ရာ ညီမဝမ်းကွဲ တော်စပ်သူကလေးများကလည်း ခင်မြကြီးအား အစ်မကဲ့သို့ လည်းကောင်း၊ ညီမကဲ့သို့ လည်းကောင်း သဘောမထားဘဲ ကျေးကျွန်ကဲ့သို့သာလျှင် ရိုင်းပျစွာ သဘောထားလေ့ရှိခဲ့ကြလေ၏။

ဘကြီးဖြစ်သူ ပွဲစားကြီးမှာမူ မိမိ အလုပ်အကိုင်၌သာလျှင် ဂရုစိုက်ထုတ်လျက် ရှိရသည့်ပြင် မိမိ၏ရှေ့တွင်လည်း တစ်စုံတစ်ရာ အပြစ် တင်ဖွယ်မရှိစေရန် ပြင်ဆင်လျက် ရှိကြသည်ဖြစ်သောကြောင့် ထို အကြောင်းတို့ကို မသိရှိဘဲ နေခဲ့လေသည်။ မောင်သက်နှံမှာမူ ၎င်းအိမ် သို့ အကြိမ်များစွာ ဝင်ထွက်သွားလာလေ့ရှိသည် ဖြစ်၍ ပွဲကတော်ကြီး၏ ကိုယ်ချင်းမစာနာသော သဘောကို လည်းကောင်း၊ သားရင်း သမီးရင်း တို့၏ မိုက်ရိုင်းစော်ကားသည့်အဖြစ်ကို လည်းကောင်း မျက်မြင်ဒိဋ္ဌ တွေ့ရှိရသည်ဖြစ်သောကြောင့် ပထမ၌ ခင်မြကြီးအပေါ်တွင် နှမအရင်း ကဲ့သို့ သနားကရုဏာ ကြီးစွာဖြစ်ခဲ့ပြီးလျှင် ခင်မြကြီး၏ရုပ်အဆင်းမှာ လွန်မင်းစွာ ချောမောပြေပြစ်ခြင်း ရှိလေရကား နောက်ဆုံး၌ ကရုဏာ အဖြစ်မှသည့် မေတ္တာအဖြစ်သို့ ပြောင်းရွှေ့ခဲ့လေ၏။ ၎င်းအခြေအနေကို ပွဲကတော်ကြီး ရိပ်မိသိရှိခဲ့လေလျှင် ခင်မြကြီးအတွက် မိမိအပေါ်၌

mgyoe.com

mgyoe.com


ဝန်ကျချေတော့မည်ဟု အောက်မေ့၍ ခင်မြကြီးအား ရှေးကထက် ကြင်နာဟန်ပြ၍ နှစ်ဦးနှစ်ဝ ဆုံစည်းဖို့အရေးကို မိမိကပင် အတွင်လော့်၍ ပေးခဲ့လေ၏။

သို့ဖြစ်သောကြောင့် မောင်သက်နှံနှင့် ခင်မြကြီးတို့မှာ တစ်ဦးကို တစ်ဦး ချစ်ခင်စုံမက်ကြောင်း ဖွင့်ဟပြောဆိုပြီးသည့်နောက် ရက်ပေါင်း အနည်းငယ်အတွင်း၌ပင် တစ်စုံတစ်ရာ အနှောင့်အယှက် အကန့်အကွက် မရှိဘဲ လက်ထပ်မင်္ဂလာဆောင်နှင်းခြင်း ပြုခဲ့ကြလေသည်။

ခင်မြကြီးသည် မောင်သက်နှံအိမ်သို့ လိုက်ပါလာစဉ်အခါ ကျွန်ုပ်တို့ သိရှိရသည့်အတိုင်း ဥစ္စာကြေးငွေဟူ၍ ပြောပလောက်အောင် ပါရှိသည် မဟုတ်သော်လည်း မောင်သက်နှံမှာ ကြေးငွေအင်အားနှင့် ပြည့်စုံပြီးဖြစ်သဖြင့် သူငယ်မ၏ ရုပ်အဆင်းကိုသာလျှင် နှစ်သက်ရင်း ဖြစ်လေရကား ကောင်းမွန်စွာ ရောင့်ရဲတင်းတိမ်လျက် မိမိ၏မယားအား လက်ဝတ်လက်စား အပြည့်အစုံတို့ကို ဝယ်ယူဆင်ယင်စေပြီးလျှင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လျက်ရှိခဲ့ကြလေ၏။

ကာလအတန်ကြာလတ်သော် ခင်မြကြီး၌ သားယောကျ်ားကလေး တစ်ယောက် ဖွားမြင်လေရာ မောင်သက်နှံမှာ မိမိမယားအပေါ်၌ ရှေးကထက်ပင် ကြင်နာချစ်ခင်ခြင်း တိုးတက်ခဲ့ပြီးလျှင် အရာရာမျိုးတို့၌ မယား၏အလိုသို့လိုက်၍ ခင်မြကြီး စိတ်ချမ်းသာမှုကိုသာလျှင် မိမိ၌ ဝတ္တရားရှိလေသည့်အလား သူတစ်ပါး သားမယားတို့ထက် မလှလျှင် လှပအောင် အစဉ်မပြတ် စောင့်ကြပ်ပြုစုလျက် ရှိခဲ့လေ၏။ ခင်မြကြီးမှာလည်း မိမိမှာ ငယ်စဉ်ကစ၍ ဆင်းရဲနွမ်းပါးသော အမိအဖတို့နှင့် နေထိုင်ခဲ့ရသည့်ပြင် ကြီးပြင်းသည့်အခါ၌လည်း ပွဲကတော်ကြီးနှင့်တကွ ၄င်း၏သားသမီးတစ်စုတို့ နှိပ်စက်ကလူ ပြုမူခြင်း၊ မထီမဲ့မြင်ပြုခြင်း အစရှိသည်တို့ကို ခံခဲ့ရပြီးနောက် မောင်သက်နှံနှင့် ထိမ်းမြားလက်ထပ်

mgyoe.com

mgyoe.com


ပြီးသည့်အခါကျမှ ငရဲပြည်မှ သတ္တဝါတစ်ဦး နတ်ရွာသို့ ရောက်ရသည့် အလား မိမိ၏ လင်သားအား အလွန်တရာအားထား၍ ကျေးဇူးလည်း အထူးကြီးလှပါကြောင်းနှင့် ရုံဖန်ရံခါ ပြောဆိုလေလျှင် မောင်သက်နှံမှာ မိမိ၏ မယားၪ လွန်စွာအားရ၍ မိမိမှာ ချစ်ခင်ရကျိုးနပ်ပေပြီ၊ ပြုစုစောင့်ရှောက်ရကျိုးနေပေပြီဟု ဝမ်းသာအားရ ရှိလှပေ၏။

သားငယ်ဖွားမြင်ပြီးသည့်နောက် တစ်လခန့်မျှကြာရှိလေလျှင် တစ်နေ့သော ညနေခင်းအချိန်၌ မောင်သက်နှံသည် မိမိ၏နေအိမ်ရှိရာ စိန်ပန်းရပ်ကွက်မှ မိမိ၏အလုပ်တိုက်နှင့် ဆန်စက်ရှိရာ ရတနာဘုမ္မိရပ်ကွက်သို့ မြင်းရထားတစ်စီးနှင့် ထွက်လာခဲ့ရာ မလွန်ဈေးဟောင်းအနီးသို့ ရောက်လေလျှင် ပုလိပ်တစ်ယောက်သည် ခေါင်းပေါင်းအင်္ကျီ အဝတ်အစားတို့ ဖရိုဖရဲ ဝတ်ဆင်လျက်ရှိသော လူတစ်ယောက်ကို အတင်းဆွဲငင်လျက် လမ်းတစ်လျှောက်၌ အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်ကို မြင်တွေ့ရလေလျှင် ထိုသူကို ငါမြင်ဖူးသည်ဟု အောက်မေ့၍ ရထားကို ရပ်စေပြီးလျှင် သေချာစွာ ကြည့်ရှုသည်တွင် မိမိနှင့် ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်ဖြစ်ကြောင်း သိရှိရသည်နှင့် ပုလိပ်အား အကျိုးအကြောင်းကို မေးမြန်းရာ ပုလိပ်က ထိုသူကို မူးယစ်မှုဖြင့် ဖမ်းဆီးလာခဲ့ရကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါ မောင်သက်နှံသည် ဌာနာသို့ရောက်အောင် မိမိကိုယ်တိုင် မြင်းရထားနှင့်လိုက်၍ ပို့ပါမည်ဟု ပုလိပ်သားအားပြော၍ အရက်မူးနေသူနှင့် ပုလိပ်သားတို့ကို မြင်းရထားနှင့် တင်ဆောင်ခေါ်ခဲ့၍ လူစုကွဲရာသို့ ရောက်သောအခါ မောင်သက်နှံက ထိုသူသည် မိမိ၏သူငယ်ချင်းတစ်ယောက် ဖြစ်ကြောင်း၊ နောက်နောင်ကိုလည်း ဤကဲ့သို့မဖြစ်စေရန် မိမိကပင် တာဝန်ခံပါမည့်အကြောင်းနှင့် ပုလိပ်သားအား တောင်းပန်ပြောဆိုပြီးလျှင် ငွေစက္ကူတစ်ဆယ်တန် နှစ်ချပ်ကို ပုလိပ်သား၏ လက်

mgyoe.com

mgyoe.com


တွင်းသို့ အတင်းထည့်၍ ရထားကို ရပ်စေရာ ပုလိပ်သားလည်း ရထားပေါ်မှ ဆင်းသွားလေ၏။

ထို့နောက် မောင်သက်နှံသည် မိမိ၏အလုပ်တိုက်သို့ မသွားသေးဘဲ မြင်းရထားကို စိန်ပန်းရပ်သို့ အခြားလမ်းဖြင့် လှည့်၍ မောင်းနှင်စေပြီးလျှင် အိမ်သို့ရောက်လာကာ သူငယ်ချင်း အရက်မူးအား ရေမိုးချိုးစေ၍ အဝတ်အစားများ လဲလှယ်စေပြီးနောက် အကျိုးအကြောင်းကို မေးမြန်းရာ ကျောင်းနေဖက် မောင်အုန်းမောင်က မိမိမှာ သူဋ္ဌေးဘဏ်၌ စာရေးအလုပ်ကို လုပ်ကိုင်လျက်ရှိခဲ့ရာ အထက်ဘိုက မတရားသဖြင့် နှိပ်စက်သည်ဖြစ်၍ မခံနိုင်လှသောကြောင့် ခုခံပြောဆိုမိသည်တွင် အလုပ်ပြုတ်၍ သွားသည်ဖြစ်သောကြောင့် စိတ်ညစ်ညစ်နှင့် ပြုမိပြုရာ သောက်စားမူးယစ်မှုကို ပြုမိပါကြောင်းနှင့် သနားစဖွယ် ပြောဆိုလေ၏။

ထိုအခါ မောင်သက်နှံသည် လူတစ်ဖက်သားအပေါ်၌ သနားညှာတာတတ်သော စိတ်သဘောရှိခဲ့သည့်ပြင် ကျောင်းနေစဉ်အခါကလည်း ထိုသူနှင့် အတန်ငယ် ချစ်ကျွမ်းဝင်ခဲ့ဖူးသည် ဖြစ်သောကြောင့် သူငယ်ချင်းဖြစ်သူသည် ကောင်းမွန်စွာ နေထိုင်မည်ဖြစ်ခဲ့ပါလျှင် အလုပ်အကိုင်ဆိုသည်မှာ မိမိကပင် ရှာကြံ၍ ပေးမည့်အပြင် အလုပ်အကိုင် မရှိသေးသည့်အခါ၌လည်း မိမိ၏အိမ်၌ပင် မိမိနှင့်အတူတကွ စားသောက်နေထိုင်၍ ဝတ်အတူ၊ စားအတူ၊ သွားအတူ၊ လာအတူ နေထိုင်ပါမည့်အကြောင်းနှင့် ပြောဆိုလေလျှင် မောင်အုန်းမောင်သည် လွန်စွာ ကျေးဇူးတင်ပါကြောင်းနှင့် ပြောဆိုလေ၏။

ယင်းကဲ့သို့ အတူတကွ နေထိုင်ကြ၍ တစ်လခန့်မျှရှိလျှင် မောင်အုန်းမောင်သည် လူမှုရေး၌ အလွန်တရာ ကျွမ်းကျင်ပါးနပ်သော လူတစ်ယောက်ဖြစ်သည့်အပြင် စကားအရာ၌ လိမ္မာချောင်ခြင်းရှိသည် ဖြစ်

mgyoe.com

mgyoe.com

သောကြောင့် လင်ဖြစ်သူနှင့်လည်း အလိုက်အထိုက်၊ မယားဖြစ်သူကို လည်း လိုက်လျောဆက်ဆံတတ်သည် ဖြစ်သောကြောင့် အထူးသဖြင့် ချစ်ကျွမ်းဝင်လျက် ကြင်နာသနားခြင်း ရှိခဲ့ကြလေ၏။

ယင်းကဲ့သို့ရှိနေကြစဉ် မောင်သက်နှံလည်း သူငယ်ချင်းဆိုသည်မှာ ဆွေမျိုးဉာတိ မဟုတ်သဖြင့် မိမိ၏အိမ်၌ အချည်းအနှီး နေထိုင်စား သောက်၍ ရက်လကြာသော် မိမိအပေါ်၌ အားနာရှာချေတော့မည်။ မိမိကပင် အကယ်၍ ကြည့်ဖြူစေကာမူ မိန်းမတို့မည်သည်မှာ များသော အားဖြင့် ဝန်တိုတတ်ချေသည်။

သို့ဖြစ်၍ ငါသည် မောင်အုန်းမောင်အား အလုပ်မရှိ ကပ်စား ယပ်စားဖြင့် မနေစေဘဲ ငါ၏ ဆန်စက်၌ မန်နေဂျာအလုပ်ကို ပေးအံ့ဟု ကြံစည်၍ မောင်အုန်းမောင်နှင့် တိုင်ပင်ရာ မောင်အုန်းမောင်လည်း ထိုသို့ချီးမြှင့်ခဲ့ပါမူ သူငယ်ချင်း၏ကျေးဇူးကို ဘယ်သောအခါမျှ မမေ့ နိုင်တော့မည့် အကြောင်းများနှင့် ပြောဆိုလေ၏။

ထို့နောက် လခကြေးငွေအတွက်ကို စဉ်းစားဆင်ခြင်ကြရာ မောင် အုန်းမောင်မှာ တစ်လမှာ ၁၀၀ ကျပ်ရမည့်အပြင် မောင်သက်နှံနှင့် ပင် အတူတကွ နေထိုင်စားသောက်၍ မောင်သက်နှံ၏မော်တော်ကား၊ ရထားပိုင် အစရှိသည်တို့ကိုလည်း ကိုယ်ပိုင်ပစ္စည်းကဲ့သို့ မခြားမနား အလားတူစွာ အသုံးပြုနိုင်ကြောင်းနှင့် ပြောဆိုသဖြင့် မောင်အုန်းမောင် က ''သူငယ်ချင်း ကျေးဇူးကိုတော့ တစ်သက်မှာဖြင့် ဆပ်လို့ မကုန်နိုင် ပါဘူး သူငယ်ချင်းရယ်'' ဟု ပြောဆိုပြီးလျှင် အလုပ်ကို လက်ခံလိုက် လေ၏။

* * *

mgyoe.com

mgyoe.com

# အခန်း (၂)

ယင်းကဲ့သို့ သူငယ်ချင်းနှစ်ယောက်တို့ အတူတကွ လုပ်ကိုင်နေထိုင်လျက်ရှိကြသဖြင့် တစ်နှစ်ကျော်ခန့်မျှရှိလေလျှင် မောင်အုန်းမောင်သည် မိမိ၏ ကြီးပွားရေးကို အစဉ်မပြတ် ဂရုစိုက်လျက်ရှိသော လူတစ်ယောက် ဖြစ်သည့်အားလျော်စွာ နေရာတိုင်း၌ မောင်သက်နှံ စိတ်ကျေနပ်လောက်အောင် အလုပ်ဝတ္တရားတို့ကို မပျက်မကွက် ဆောင်ရွက်လုပ်ကိုင်သည် ဖြစ်သောကြောင့် မောင်သက်နှံကလည်း အလွန်တရာယုံကြည်စိတ်ချပြီးလျှင် နေရာတိုင်း၌ပင် မျက်နှာလွှဲခဲ့ရပေ၏။

မောင်အုန်းမောင်သည် လူပါးလူနပ်တစ်ယောက် ဖြစ်သည့်အတိုင်း မောင်သက်နှံ၏ သားကလေးအားလည်းကောင်း၊ မယားဖြစ်သူ ခင်မြကြီးအားလည်းကောင်း အထူးသဖြင့် ကြင်နာချစ်ခင်သည့်အနေဖြင့် ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်လုပ်ကိုင် ပေးခဲ့သည်ဖြစ်ရာ မောင်သက်နှံလည်း 'ငါ၏ သူငယ်ချင်းသည် ဝတ္တရားကို ကောင်းစွာနားလည်သူဖြစ်၍ ငါ့တွင်မျှ မကသေး၊ ငါ၏ သားမယားအားလည်း မောင်အရင်းတမျှ အရေးယူလှရှာပေသည်' ဟု ဝမ်းတွင်း၌ များစွာနှစ်သက်အားရခြင်း ရှိခဲ့လေ၏။

mgyoe.com

mgyoe.com


တစ်နေ့သ၌ မောင်သက်နံ့သည် မောင်အုန်းမောင်နှင့်အတူ အညောင်းပြေ လမ်းလျှောက်ရန် အိမ်မှထွက်ခွာ၍ လာကြစဉ် မောင်သက်နံ့က မိမိမယားသည် မယားဝတ်ငါးပါးတို့နှင့် ကောင်းစွာ ညီညွတ်သည်ဖြစ်သောကြောင့် အဆင်းရောအချင်းပါ ပြည့်စုံရှာပေသည့် အကြောင်းများကို ချီးမွမ်းပြောဆိုလေလျှင် မောင်အုန်းမောင်က 'မှန်ပါတယ် ကိုသက်နံ့၊ ခင်မြကြီးကတော့ ခြောက်ပြစ်ကင်း သဲလဲစင်ပါပေပဲဗျာ' ဟု ပြောလိုက်သည်တွင် မောင်သက်နံ့သည် သူငယ်ချင်း၏လေသံကို မကြိုက်သဖြင့် မျက်နှာကဲကို ကြည့်လိုက်ရာ မောင်အုန်းမောင်လည်း မျက်နှာထားတစ်မျိုးပြင်၍ ခင်မြကြီး၏ လိမ္မာရေးခြားရှိကြောင်း၊ လင်သားအပေါ်၌ ကြင်နာမြတ်နိုးခြင်း ရှိကြောင်းများကို မျက်နှာထားတည်တည်နှင့် ချီးမွမ်းပြောဆိုသည် ဖြစ်သောကြောင့် မောင်သက်နံ့က လှောင်ပြောင်သလို မိမိ ပထမကြားလိုက်သော လေသံသည် မိမိ၏စိတ်၌သာလျှင် ထင်ရခြင်းဖြစ်ဟန်ရှိသည်ဟု အောက်မေ့ပြီးလျှင် မိမိ၏မယားနှင့်တကွ သားကလေးကြီးပြင်းသည့်အခါ၌ မည်ကဲ့သို့ မိမိစိတ်၌ ကြံရွယ်ချက်ရှိသည်များကို ချစ်ခင်သော မိဘတို့၏ဓမ္မတာအတိုင်း မငြီးနိုင်လောက်အောင် သူငယ်ချင်းအားတိုင်ပင် ပြောဆိုလျက်ရှိလေ၏။ ထိုကဲ့သို့ ပြောဆိုသည့်အခါ မောင်အုန်းမောင်သည် ဝမ်းတွင်း၌ကား မိမိ၏ ကျေးဇူးရှင် မောင်သက်နံ့အပေါ်၌ မနာလိုဝန်တိုသော စိတ်ရှိသော်လည်း ပြင်ပ၌ ဝမ်းမြောက်ဝမ်းသာရှိသည့် လက္ခဏာနှင့် ကလေးကြီးပြင်းသည့်အခါ၌ မည်သည့်ပညာမျိုးကို သင်ကြားပေး၍ မည်သည့်အလုပ်အကိုင်မျိုး၌ လုပ်ကိုင်စေအပ်သည့် အကြောင်းများကို အကြံပေး ဉာဏ်ပေး ပြုလုပ်လေ့ရှိပေ၏။

သားငယ်ကလေး သုံးနှစ်သားအရွယ်ခန့်ရှိလေလျှင် တစ်နေ့သ၌ မောင်သက်နံ့သည် မိမိသားမယားအား အပျင်းပြေစေခြင်းငှာ စစ်ကိုင်း

mgyoe.com

mgyoe.com


တောင်ရိုးရှိ ပတ္တမြားစေတီပွဲတော်သို့ သွားရောက်ရန် စီမံကြသည်ဖြစ်ရာ မောင်အုန်းမောင်က မိမိမှာ စက်ရုံ၌ အလုပ်များကိုသာ ကြပ်မတ်၍ နေရစ်ပါမည်ဟု ပြောသော်လည်း မောင်သက်နှံမှာ သားမယားနှင့် တကွ သူငယ်ချင်းမပါခဲ့လျှင် မိမိမှာ မည်သည့်ပျော်ပွဲမှာမှ ပျော်ရွှင်ခြင်းဟာ မဖြစ်နိုင်ကြောင်း၊ မောင်အုန်းမောင်မှာလည်း အလုပ်၌ စီမံရသည်မှာ ပင်ပန်းလှသည်ဖြစ်၍ အပန်းပြေစေခြင်းဟာ မိမိတို့နှင့်အတူ လိုက်ပါသင့်ကြောင်း၊ ဆန်စက်ရုံမှာမူ နှစ်ရက်သုံးရက်ခန့် ပိတ်ထားရုံမျှဖြင့် မိမိမှာ များစွာနစ်နာဖို့ မရှိကြောင်းများနှင့် ပြောဆို၍ အတင်းခေါ်ငင်ပြီးလျှင် တော်သလင်းလပြည့် အဖိတ်နေ့ နံနက်စောစော၌ပင် မီးသဘောနှင့် ပတ္တမြားစေတီ ဘုရားပွဲတော်သို့ သွားရောက်ကြလေ၏။

စစ်ကိုင်းတောင်ရိုးသို့ ရောက်ကြလျှင် သင့်တင့်လျောက်ပတ်သော ဇရပ်တစ်ဆောင်၌ တည်းခို၍ ချက်ပြုတ် စားသောက်ကြပြီးနောက် မရောက်ဖူးသေးသော စေတီပုထိုး အစရှိသည်တို့သို့ အတူတကွ သွားရောက်ဖူးမြော်ကြပြီးလျှင် မောင်အုန်းမောင်နှင့် မောင်သက်နှံတို့သည် ခင်မြကြီးတို့သားအမိနှစ်ယောက်ကို တပည့်များနှင့် ဇရပ်တွင်ထားခဲ့၍ ချောင်များသို့ လှည့်လည်ကြည့်ရှုလေရာ တစ်ခုသော ချောင်သို့ရောက်လျှင် ဇရပ်တစ်ဆောင်၌ လူတစ်စုတို့သည် အုတ်အုတ်ကျက်ကျက် ရှိနေသည်ကို တွေ့မြင်ကြရလေ၏။ ထိုအခါ မောင်သက်နှံတို့လည်း အကျိုးအကြောင်းကို မေးမြန်းရာ ယခုပင် သေဆုံးသော သူငယ်မတစ်ယောက်၏ အလောင်းကို ၎င်း၏ ရည်းစားက ခေါင်းမသွင်းရဟု ပွေ့ဖက်၍ထားသဖြင့် ပြော၍လည်းမရ၊ အတင်းလုယက်၍လည်း မနိုင်နိုင်အောင်ရှိနေကြောင်းများဖြင့် လူတစ်စုက ပြောဆိုကြလေ၏။

ထိုအခါ မောင်သက်နှံသည် မိမိပြောလျှင် ရပါစေမည်ဟု ပြော၍ ဇရပ်ပေါ်သို့ တက်သွားကြည့်ရှုရာ အသက် ၁၈ နှစ်ခန့်ရှိသော သူငယ်

mgyoe.com

mgyoe.com

တစ်ယောက်သည် ၁၆ နှစ်အရွယ်ခန့်ရှိသော သူငယ်မတစ်ယောက်၏ အလောင်းပေါ်၌ အလျားမှောက်ပြီးလျှင် လည်ပင်းကို လက်နှစ်ဖက်ဖြင့် အတင်းဖက်လျက် မိမိခြေတို့ဖြင့် အလောင်းကို ကျပ်တည်းစွာ ခြေကလိမ်ချိတ်ပြီးနောက် မိမိမျက်နှာကို သူငယ်မရင်ခွင်၌ အတင်းကပ်လျက် ငြိမ်သက်စွာရှိနေသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ မောင်သက်နှံလည်း အလောင်းအနီးသို့ ချဉ်းကပ်၍ သူငယ်၏ပခုံးကို လက်ဖြင့် တို့လိုက်ရာ သူငယ်သည် မောင်သက်နှံ၏မျက်နှာကို တစ်ချက်မျှ မော်၍ကြည့်ပြီးနောက် ရှေးကကဲ့သို့ ကျပ်တည်းစွာ ကပ်မြဲတိုင်း ကပ်ထားပြန်လေ၏။

၎င်းနောက် မောင်သက်နှံသည် အသက်မရှိသည့်အလောင်းကို ပွေ့ဖက်ထားသော်လည်း မည်သို့မျှ အကျိုးမရှိသည့်အကြောင်းကို ပြောပြသော်လည်း သူငယ်သည် မော်၍တောင် မကြည့်ဘဲ 'ကျွန်တော့် ကြည်ကြည် အသက်မရှိဘူးလို့ ဘယ်သူပြောသလဲ၊ ကြည်ကြည် ဘယ်တော့မှ မသေဘူး။ ကျွန်တော်လည်း ဘယ်တော့မှ မသေဘူး။ ခင်ဗျားတို့က သေတယ်ထင်ရင် နှစ်ယောက်စလုံး မြှုပ်လိုက်ကြဗျာ။ ကျွန်တော်ကတော့ ကြည်ကြည်နဲ့ ဘယ်တော့မှမခွဲဘူး' ဟု ပြောလေ၏။

ထိုအခါ မောင်သက်နှံသည် သူငယ်၏ ပခုံးကို လက်ဖြင့် ဖြည်းညင်းစွာ တို့လိုက်ပြန်ရာ သူငယ်သည် မောင်သက်နှံ၏ မျက်နှာကို မော်၍ကြည့်သည်နှင့် တစ်ပြိုင်နက် မောင်သက်နှံသည် စိတ်ညို့ခြင်းအတတ်၌ လေ့ကျက်ဖူးသူတစ်ယောက် ဖြစ်သည်နှင့် မိမိ၌ရှိသမျှ စိတ်ဓာတ်ကို မျက်လုံးမှာချည်း တည်စေလျက် သူငယ်၏ မျက်လုံးကို စေ့စေ့ကြည့်လိုက်ရာ သူငယ်သည် ရှေးကကဲ့သို့ ပြန်၍ မငုံ့နိုင်ဘဲ မောင်သက်နှံ၏မျက်နှာကို စိုက်ငေးကာ ကြည့်နေရလေ၏။

ထိုအခါ မောင်သက်နှံက 'စေ့စေ့ကြည့်နော်၊ စေ့စေ့ကြည့်၊ မကြည့်

mgyoe.com

mgyoe.com

ပါဘူး ဆိုပေမယ့်လည်း မနေနိုင်ဘူး မောင်၊ ကျုပ်ကို စေ့စေ့ပါအောင် ကြည့်ရတော့မှာပဲ' ဟု ပြောသဖြင့် သူငယ်လည်း မိနစ်တစ်ဝက်ခန့်မျှ စေ့စေ့ကြည့်၍ ရှိနေလျှင် မောင်သက်နှံသည် သူငယ်၏ လက်နှစ်ဖက်ကို ဖြည်းညင်းစွာကိုင်၍ 'လက်ဖျားများကလည်း အားမရှိရှာပဲကလား၊ ကြည့်ပါဦးတော့ဗျာ၊ ပျော့လို့နေပြီ၊ အားစိုက်ပြီး ဖက်လို့တောင် မမြဲနိုင်တော့ပါပဲကလား၊ လက်ထဲမှာ အားမရှိတော့ဘူး။ လုံးလုံးအားမရှိတော့ဘူး'ဟု ပြောရင်းဆိုရင်း သူငယ်၏လက်များကို ဖြည်းညင်းစွာဖြေလေရာ သူငယ်၏ လက်တို့မှာ အိပ်ပျော်၍နေသောသူ၏ လက်များကဲ့သို့ မောင်သက်နှံ ပြုပြင်လိုက်တိုင်း လိုက်ပါလာခဲ့လေ၏။

လက်တို့သည် အလောင်း၏လည်ပင်းမှ ပြုတ်သွားလေလျှင် မောင်သက်နှံသည် သူငယ်၏ခြေဖျားများကို လက်ဖြင့် ဖြည်းညင်းစွာ ကိုင်တွယ်၍ ရှေးနည်းအတူ နှုတ်မှ တတွတ်တွတ်ပြော၍ ဖြုတ်ပြန်ရာ ခြေတို့မှာလည်း အလောင်းမှ ပြုတ်လာခဲ့လေ၏။

၎င်းနောက် မောင်သက်နှံသည် ရှေးနည်းအတူ စေ့စေ့ကြည့်လျက် 'ကြည်ကြည်ကလေး ပုပ်ရှာပြီကော၊ ကြည့်စမ်းပ၊ ပါးစပ်ကလည်း အရေတွေထွက်လို့၊ ဘုရား ဘုရား ဝမ်းဗိုက်ကလည်း ပုပ်ပြီး လောက်ကောင်တွေတောင် ထွက်နေပါပြီကော၊ လောက်တွေ တက်ကုန်မယ်၊ ဖယ်စမ်း မောင်၊ ဖယ်စမ်း' ဟု ပြောလေလျှင် ထိုသူငယ်သည် အိပ်ရာမှနိုး၍ လွတ်လိုက်သောသူကဲ့သို့ ကယောင်ချောက်ချားနှင့် ထသွားလေရာ အနီးရှိ သုဘရာဇာတို့ကလည်း ကာလဝမ်းရောဂါဖြစ်၍ သေသော အလောင်းဖြစ်သဖြင့် ချက်ချင်းပင် ခေါင်းသွင်း၍ သုသာန်သို့ ဆောင်ယူသွားကြလေ၏။

၎င်းနောက် မောင်သက်နှံနှင့် မောင်အုန်းမောင်တို့သည် မိမိတို့ ဇရပ်သို့ ပြန်လာကြရာ မောင်သက်နှံသည် ဝမ်းရောဂါဖြစ်သည့်

mgyoe.com

mgyoe.com


အလောင်းကို မိမိ၏လက်နှင့် ထိမိခဲ့သည်ဖြစ်သောကြောင့် မိမိ၏သား နှင့်မယားတို့အား ကူးစက်မည်ဟု စိုးရိမ်သည်ဖြစ်၍ မြစ်ဆိပ်သို့သွား၍ ရေချိုးပြီးမှ ဇရပ်သို့ပြန်အလာတွင် လမ်းခရီး၌ အလွန်တရာ ချိနဲ့လှသည် ဖြစ်၍ တစ်ချက်တစ်ချက် ယိမ်းယိုင်သွားပြီးလျှင် ဇရပ်သို့ပင် အနိုင်နိုင် ပြန်ခဲ့ရလေ၏။

ဇရပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မောင်သက်နှံ၌ ဝမ်းရောဂါ ဖြစ်ပေါ်ခဲ့လေရာ မြို့ကြီးပြကြီး မဟုတ်သဖြင့် ဆေးဆရာဝန်တို့နှင့် ကြပ်မတ်ကုသရခြင်းမရှိဘဲ ရံဖန်ရံခါ သတိရလျက် ရံဖန်ရံခါ သတိလစ် ပြီးလျှင် သတိရသည့်အခါတိုင်း မယားနှင့် ကလေးတို့ကို မိမိအပါးသို့ မလာစေရန် မောင်းနှင်လျက်ရှိလေ၏။ ယင်းကဲ့သို့ နှစ်နာရီကျော် သုံး နာရီခန့်မျှ အလူးအလဲခံရပြီးနောက် မောင်သက်နှံသည် မိမိမယားနှင့် သားတို့၏ အမည်ကို နှုတ်မှရေရွတ်ပြောဆိုရင်း နှစ်မျော၍သွားလေ၏။

* * *

mgyoe.com

mgyoe.com

## အခန်း (၃)

မောင်သက်နှံသည် နစ်မျောရာမှ လည်လာသဖြင့် မျက်စိဖွင့်၍ ကြည့်လိုက်သောအခါ မှောင်အတိဖြစ်လျက်ရှိသည်ကို တွေ့မြင်ရသည့် အပြင် မိမိ၏ခံတွင်းတွင် မာကျောသော အဝိုင်းငယ်တစ်ခုကို လျှာနှင့် စမ်းမိသဖြင့် မှုတ်၍ထုတ်လိုက်သောအခါ မိမိမျက်နှာအနီး တစ်စုံတစ်ခုသော အရာဝတ္ထုနှင့် ထိမှန်သည်ဖြစ်၍ 'တောက်' ခနဲ မြည်သောအသံကို ကြားလိုက်ရလေ၏။

၄င်းနောက် မိမိလက်ခြေတို့ကို ပြင်မည်ပြုသည့်အခါ ခြေမကြိုး၊ လက်မကြိုးနှင့် ချည်နှောင်လျက်ရှိသည်ကို တွေ့ရှိလေရကား မောင်သက်နှံသည် ပြင်းပြစွာတုန်လှုပ်လျက် လက်ခြေတို့ကို အတင်းရုန်း၍ ဆန့်တန်းလိုက်ရာ အရပ်လေးမျက်နှာတို့၌ မလွန့်သာအောင် ကာရံလျက်ရှိသည်ကို တွေ့ရှိရလေလျှင် စိတ်တို့မည်သည်မှာ အလွန်တရာ လျင်မြန်လှသည်ဖြစ်သောကြောင့် မိမိနစ်မျော၍နေသည်ကိုပင် သေသည်မှတ်ထင်၍ အလောင်းပြင်ဆင်ပြီးလျှင် ခေါင်းသွင်းထားခဲ့ကြောင်း၊ မိမိခံတွင်း၌ တွေ့ရှိသော အဝိုင်းငယ်ကလေးမှာလည်း အခြားမဟုတ်၊ ကူးတို့ခ ထည့်လိုက်သော မူးစေ့ငယ်ဖြစ်ကြောင်းတို့ကို ရုတ်တရက် သိရှိ

mgyoe.com

mgyoe.com


ရလေလျှင် ချွေးတို့သည် ဆီးကင်းပမာဏမျှ ခြေမမှသည် နဖူးတိုင်အောင် ယိုစီးလျက် လွန်မင်းစွာ ကြောက်ရွံ့တုန်လှုပ်ရှာလေ၏။

မောင်သက်နှံကို သွတ်သွင်းထားသော ခေါင်းမှာ ကံအားလျော်စွာ အဆောတလျင် ပြုလုပ်ရသော ခေါင်းဖြစ်သဖြင့် ကောင်းစွာ လုံခြုံခြင်း မရှိဘဲ အသက်ရှူနိုင်ရန် အပေါက်အနည်းငယ်မျှ ပါရှိသည်ဖြစ်ရာ မောင်သက်နှံသည် အမောပြေစေခြင်းငှာ ခေတ္တမျှ အသက်ရှူပြီးနောက် မိမိ၏ အစွမ်းရှိသမျှ အားကိုထုတ်၍ အသံကုန်ဟစ်ပြီး စောင့်ဆိုင်းနားထောင်လျက်ရှိရာ မည်သည့်အသံကိုမျှ မကြားရဘဲ ဆိတ်ငြိမ်လျက်သာ ရှိလေ၏။

ငင်းနောက် မောင်သက်နှံသည် ခေါင်းကိုအတွင်းမှ လက်ခြေတို့ဖြင့် ခေါက်ပါသော်လည်း တစ်စုံတစ်ယောက်မျှ ကြားသည့် လက္ခဏာ မရှိဘဲ တိတ်ဆိတ်လျက်သာ ရှိနေပြန်လေ၏။

ယင်းသို့ရှိရကား မောင်သက်နှံသည် တုန်လှုပ်သည်ထက် တိုး၍ ပြင်းထန်စွာ တုန်လှုပ်ခဲ့ပြန်ရာ ခေါင်းကို ခြေနှင့် ပြင်းထန်စွာ ကန်ကြောက်ခြင်း၊ လက်ဖြင့် နံဘေး၌ လည်းကောင်း၊ အနီး၌ လည်းကောင်း ထုခြင်း၊ ကျယ်နိုင်သမျှ ကျယ်စွာ အသံဖြင့် အော်ဟစ်ခြင်း အစရှိသည်တို့ကို တစ်ပြိုင်နက် ပြုလုပ်ပြီးနောက် မောပန်းသောအခါမှ စောင့်ဆိုင်းနားထောင်ပြန်ရာ ရှေးကကဲ့သို့ပင် ပကတိ ဆိတ်ဆိတ်ငြိမ်ငြိမ် ရှိနေသည်ကိုသာလျှင် ကြုံတွေ့ရလေ၏။

*လူတို့မည်သည်မှာ အလွန်တရာ ကြောက်လှသည့်အခါ၌ အကြံဉာဏ်ပျောက်လျက် ရှိတတ်သည်မှန်သော်လည်း အစွမ်းကုန် တုန်လှုပ်ပြီးသည့်နောက် ထို့ထက်တိုး၍ တုန်လှုပ်ရန် မရှိတော့သည့်အခါ အကြံဉာဏ်တို့သည် တစ်ဖန်ပြန်၍ ပေါ်လာရမြဲ ဓမ္မတာဖြစ်လေရကား...*

mgyoe.com

mgyoe.com

မောင်သက်နှံမှာလည်း ကြောက်အားလန့်အားနှင့် အစွမ်းကုန် အသံပေးပြီးသည့်နောက် မည်သူမှမကြားသည့်အခါ၌မူ စဉ်းစားဆင်ခြင်နိုင်သည့်အခြေသို့ ဆိုက်ရောက်ပြန်သဖြင့် စဉ်းစားမိသည်မှာ ငါ့အား မယားဖြစ်သူနှင့် သူငယ်ချင်းဖြစ်သူတို့သည် သေပြီ ထင်မှတ်၍ ခေါင်း၌ သွတ်သွင်းပြီးဖြစ်သော်လည်း ငါ၌ အသက်ရှူရှိုက်နိုင်ရန် လေဝင်နိုင်သည်ကို ထောက်ချင့်သော် ခေါင်းကို မြေ၌ မြှုပ်သေးသည် မဟုတ်သေးဘဲ ဇရပ်၌သာလျှင် ရှိသင့်သေး၏။

ငါ အော်ဟစ်၍ မကြားသည်မှာ အိပ်ပျော်လျက် ရှိကြဟန် လက္ခဏာတူ၏။ ၎င်းတို့ ကြားသည်ဖြစ်စေ၊ မကြားသည်ဖြစ်စေ ငါသည် ခေါင်းမှလွတ်ကျွတ်စေရန် တတ်နိုင်သမျှ ကြိုးစားချေအံ့ဟု ဆင်ခြင်အောက်မေ့လျက် အမောပြေပျောက်စေခြင်းငှာ ခဏမျှ နားပြီးလျှင် မောင်သက်နှံသည် ခေါင်းကို ဦးခေါင်းထက်မှ လက်ဖြင့် အတင်းတွန်း၍ ခြေရင်းမှ ပျဉ်ပြားကိုလည်း ခြေဖြင့် အတင်းကန်ကြောက်လျက် အရိုးများ ဖျစ်ဖျစ်မြည်သည့်တိုင်အောင် အားကုန်ညှစ်၍ ဆန့်ထုတ်လိုက်ရာ ခေါင်းသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဆောတလျင် ဝတ်ကြေဝတ်ကုန် ပြုလုပ်ထားသော ခေါင်းဖြစ်သဖြင့် လေးမျက်နှာမှ 'ဖွမ်း' ခနဲ ပွင့်သွားလေ၏။

ယင်းကဲ့သို့ ခေါင်းပွင့်၍ သွားသည်နှင့်တစ်ပြိုင်နက် မောင်သက်နှံသည် မိမိ၏အားကုန်နေသည့်အဖြစ်ကိုမျှ သတိမရနိုင်ဘဲ လျောင်းရာမှ ရုတ်တရက်ထလိုက်၍ 'ဝင်းဝင်းတို့၊ ခင်မြကြီးတို့ရေ' ဟု ခေါ်လိုက်ရာ မည်သူတစ်ယောက်မျှ ပြန်၍မထူးဘဲ မှောင်နှင့်မည်းမည်း ရှိနေသည်ကိုသာလျှင် တွေ့ရှိရလေ၏။

၎င်းနောက် မောင်သက်နှံသည် အရပ်လေးမျက်နှာတို့ကို ထိုင်ရာမှ စောင်းမြောင်းကြည့်ရှုရာ သုံးမျက်နှာတို့၌မူ မှောင်အတိဖြစ်လျက်

mgyoe.com

mgyoe.com


တောင်မျက်နှာသာလျှင် လရောင်လင်းလျက် ရှိနေသည်ကို တွေ့မြင်ရလေ၏။

ငှင်းနောက် မောင်သက်နှံသည် အမောအပန်း အနည်းငယ်ပြေပြီးနောက် မည်သည့်အရပ်သို့ မိမိအား ပို့ထားသည်ကို သိရှိရန် ထိုင်ရာမှထ၍ စုံစမ်းကြည့်ရှုလေရာ မိမိမှာ ဥပုသ်သည်တို့ ကမ္မဋ္ဌာန်းစီးဖြန်းလေ့ရှိသော ကျောက်ဂူတစ်ခုအတွင်း၌ သွတ်သွင်း၍ ထားခဲ့သည့်အဖြစ်ကို ရိပ်မိသိရှိရလေ၏။

ထို့နောက် မောင်သက်နှံသည် လရောင်ရှိရာသို့ သွား၍ အပေါက်မှ ထွက်မည်ဟုလာခဲ့ရာ လမ်းတွင် ဖျာလိပ်နှင့်တူသော အရာဝတ္ထုတစ်ခုကို ခြေဖြင့်တိုက်မိသည်နှင့် ကျောက်ပေါ် ကျွမ်းပြန်၍ လဲကျသွားလေ၏။

ပွန်းပဲ့သော ဒဏ်ရာများကို လက်ဖြင့် နှိပ်နယ်ပြီးနောက် မောင်သက်နှံသည် လရောင် ဝင်ရာအပေါက်သို့ သွားပြန်ရာ အပေါက်သို့ရောက်လျှင် သံတံခါးကို လက်ဖြင့်တွန်း၍ ဖွင့်သော်လည်း အပြင်မှသော့ခတ်၍ထားသည်ဖြစ်သောကြောင့် မပွင့်ဘဲ ရှိနေလေ၏။

ထိုအခါမှ မောင်သက်နှံသည် သားမယားတို့အား မိမိမသေသည့်အဖြစ်ကို ဝမ်းသာအားရ ပြောချင်လှ၍ သားငယ်အားလည်း ဖေဖေမသေကြောင်းကို ပြောပြ၍ အကြိမ်ကြိမ် ဖက်ယမ်းနမ်းရှုပ်မည်ဟုစိတ်တွင်း၌ ကြံမ်းဝါး၍ တံခါးကို ဖွင့်သည့်အခါမှ တံခါးသည် မပွင့်ဘဲရှိလေရကား အားငယ်ခြင်းမက အားငယ်လှ၍ မောပန်းသည်ကိုလည်းသတိမရ၊ နာကျင်သည်ကိုလည်း သတိမရ၊ နွမ်းနယ်ချည့်နဲ့နေသည်ကိုလည်း သတိမရနိုင်ဘဲ သံတိုင်ကိုကိုင်ကာ ချုံးချုံးချ၍ ငိုမိရှာလေ၏။

ထိုခဏ၌ ဇီးကွက်ငယ်တစ်ကောင်သည် ဂူဝအနီးရှိ သစ်ကိုင်းတစ်ခုပေါ်တွင် နားလျက် လသာလှသည်ဖြစ်၍ မိမိတို့ ဘာသာဘာဝ

mgyoe.com